**18 January 2010 to 22 January 2010**

# ရွေးကောက်ပွဲသတင်းစဉ် (၁၅)

## ဦးဝင်းတင်ရန်ကုန်မြို့မှခရီးထွက်ခွာခြင်း

၁၉ နှစ်ကျော်အကျဉ်းကျခဲ့ရာမှ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင်ပြန်လွတ်လာသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းတင်အား မန္တလေးမြို့၌ကျင်းပခဲ့သည့် စာရေးဆရာလူထုဦးလှအနှစ်တရာပြည့်အထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန် အာဏာပိုင်များကခရီးသွားရောက်ခွင့်ပြုခဲ့ကြောင်းသိရှိရသည်။ ၂၀၀၈ ခုနှစ်တွင်ထိန်းသိမ်းထားရာမှပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်းကွမ်းခြံကုန်းနှင့်လှည်းကူးမြို့များသို့ နေ့ချင်းပြန်ခရီးသွားရောက်ခဲ့ပြီး၊ ယခုမန္တလေးခရီးစဉ်သည်၄င်း၏ပထမဦးဆုံးဝေးလံသည့်ခရီးစဉ်ဖြစ်ကြောင်းသိရသည်။ ဦးဝင်းတင်နှင့်အတူဦးအုန်းကြိုင် (အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်)၊ ကဗျာဆရာဖျာပုံနီလုံဦး (ခ) ဦးအောင်မြင့် (ဗဟန်းမြို့နယ်ဥက္ကဌ)နှင့် စာရေးဆရာမုံရွာအောင်ရှင် (စစ်ကိုင်းတိုင်း၊ တိုင်းစည်းရုံးရေးကော်မတီဒုတိယဥက္ကဌ) တို့လည်းလိုက်ပါသွားကြသည်။ အာဏာပိုင်တွေကဦးဝင်းတင်အားခရီးထွက်ခွင့်ကို တရားဝင်တားမြစ်ထားခြင်းမရှိကြောင်း၊ မှတ်ပုံတင်ကိုင်ဆောင်ထားခြင်းမရှိသဖြင့်ခရီးထွက်ရန်အခက်အခဲများရှိခဲ့ပါသည်။ လွန်ခဲ့သောနှစ်လခန့်ကအာဏာပိုင်များကဦးဝင်းတင်ကိုမှတ်ပုံတင်ထုတ်ပေးခဲ့ပြီးနောက်၊ မန္တလေးမြို့တွင်ပြုလုပ်မည့် လူထုဦးလှအထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန်ခရီးထွက်နိုင်ခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များကခရီးစဉ်တင်ပြရန်တောင်းဆိုခဲ့သည်မှလွဲ၍၊ ယခုခရီးစဉ်အတွင်း ဦးဝင်းတင်အားတစ်စုံတစ်ရာဟန့်တားနှောက်ယှက်ခြင်းမရှိခဲ့ကြောင်းသိရသည်။ အခမ်းအနားတက်ရောက်ပြီးနောက်၊ အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းတင်သည် မန္တလေးနှင့်ပြင်ဦးလွင်မှပါတီဝင်များနှင့်တွေ့ဆုံခဲ့ပြီး၊ အဖွဲ့ချုပ်၏နိုင်ငံရေးရပ်တည်ချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုစတင်တည်ထောင်ရာတွင်ပါဝင်ခဲ့သူလည်းဖြစ်၊ ဒီမိုကရေစီလှုပ်ရှားမှုတွင်တက်ကြွစွာပါဝင်ခဲ့ခြင်းတို့ကြောင့်၊ ထင်ရှားသည့်အတိုက်အခံနိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။

## ကြံ့ခိုင်ရေးအသင်းကမြစ်ကြီးနားတွင်အစ္စလာမ်ဘာသာဝင်များကိုစည်းရုံးခြင်း

မြစ်ကြီးနားမြို့ရှိ အစ္စလာမ်ဘာသာဝင်များထံမှ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲရရှိရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များက ယခုဇန်နဝါရီလဆန်းကပိုင်းမှစ၍ကြိုးပမ်းဆောက်ရွက်လျက်ရှိသည်။ ခရစ်ယာန်ဘာသာကိုးကွယ်မှုများသော ကချင်ပြည်နယ်တွင် ၂၀၁၀ ရွေးကောက်ပွဲ၌ ဝင်ရောက်ရွေးချယ်ခံရန်လျာထားသူ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အတွက် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန် ၄င်း၏အစ်ကိုဖြစ်သူ ဦးခင်မောင်လတ် (ယခင်မြစ်ကြီးနားမြို့နယ်ကောင်စီအတွင်းရေးမှူးဟောင်း)နှင့်အဖွဲ့အားတာဝန်ပေးထားကြောင်းသိရှိရသည်။ အဆိုပါအဖွဲ့သည် မြစ်ကြီးနားမြို့ပေါ်ရှိဗလီများသို့သွားရောက်ပြီး၊ အစ္စလာလမ်ဘာသာဝင်များကိုစည်းရုံးလျက်ရှိပါသည်။ ခင်မောင်လတ်နှင့်အတူ ကချင်ပြည်နယ်ကြံ့ခိုင်ရေးအသင်းအမှုဆောင်ဒေါက်တာခင်မောင်ထွန်း၊ ဗိုလ်မှူးမြင့်ဆွေ (အငြိမ်းစား) နှင့် ဗိုလ်မှူးမျိုးဆွေ (အငြိမ်းစား) တို့ပါဝင်ကြောင်းသိရှိရသည်။ မြစ်ကြီးနာမြို့တွင် တရားဝင်ခွင့်ပြုထားသောရပ်ကွက် (၇) ခုရှိဗလီကျောင်း (၇) ခုအနက် အောင်နန်းရပ်ကွက်ရှိဗလီသို့သွားရောက်ခဲ့ပြီး၊ ကျွန်းပြင်သာ၊ ခေမာသီရိရပ်ကွက်မဗလီများသို့သွားရောက်ရန်စီစဉ်ထားကြောင်းသိရသည်။ ဗိုလ်မှူးချုပ်

သိန်းဇော်သည် မြစ်ကြီးနား စီတာပူရပ်ကွက်၊ ဒူကထောင်ရပ်ကွက်၊ နောင်နန်းကျေးရွာ၊ ရွှေစက်ကျေးရွာ၊ ရှဒေါင်ကျေးရွာစသည့် ရပ်ကွက်–ကျေးရွာ ၁၈ ခုတွင်အခမဲ့ဆေးခန်းနှင့်ဆေးပေးခန်းများဖွင့်လှစ်ထား ကြောင်း မြို့ခံတစ်ဦးကပြောသည်။

## အန်အယ်လ်ဒီဗဟိုဦးစီးအဖွဲ့ပြန်လည်ဖွဲ့စည်းခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဦးစီးအဖွဲ့အားပြန်လည်ဖွဲ့စည်းရန် ဇန်ဝါရီလ ၂၅ ရက်နေ့ကပြုလုပ်သည့်ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ၊ ဗဟိုဦးစီးအဖွဲ့ဝင်များစာရင်းကိုပြုစုပေးပို့ရန် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းစည်းရုံးရေးအဖွဲ့ဉက္ကဌများထံညွှန်ကြားချက်ကိုဇန်နဝါရီလ ၂၇ ရက်နေ့ကပေးပို့ခဲ့ပါသည်။ စတင်ဖွဲ့စည်းခဲ့စဉ် အဖွဲ့ဝင် (၈၀) ရှိခဲ့သော်လည်း၊ ၁၉၉၇ ၁၉၉၇ ခုနှစ်တွင်အာဏာပိုင်များကဖမ်းဆီးခဲ့ပြီးနောက်ပိုင်းတွင် ဗဟိုဦးစီးအဖွဲ့လုပ်ငန်းအများအပြားရပ်ဆိုင်းခဲ့ရပါသည်။ အသစ်ဖွဲ့စည်းမည့် ဗဟိုဦးစီးအဖွဲ့ဝင်ဦးရေအား ၁၂၀ အထိတိုးချဲ့ဖွဲ့စည်းသွားဖွယ်ရာရှိပြီး၊ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲနိုင်ရလွှတ်တော်ကိုယ်စားလှယ်များသာမက အခြားသောပါတီဝင်များလည်းကိုပါဝင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အဖွဲ့ချုပ်၏ပြည်နယ်နှင့်တိုင်းလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေးနှင့်စည်းရုံးရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန် ဗဟိုဦးစီးအဖွဲ့ကိုပြန်လည်ဖွဲ့စည်းခြင်းဖြစ်ကြောင်းသိရသည်။ အသစ်ရွေးချယ်မည့်ဗဟိုဦးစီးအဖွဲ့ဝင်များရွေးချယ်ရာတွင် အရည်အချင်းရှိသူ၊ အဖွဲ့ချုပ်အပေါ်သစ္စာရှိသူ၊ အဖွဲ့ချုပ်နှင့်ယနေ့အထိမကင်းမကွာ တာဝန်ထမ်းဆောင်နေသူ၊ အဖွဲ့ချုပ်၏လက်ရှိမူဝါဒသဘောထားများအတိုင်းရပ်တည်နေသူ၊ အဖွဲ့ချုပ်၏စည်းမျဉ်းစည်းကမ်းဥပဒေများအရ၊ အရေးယူခံနေရသူမဖြစ်စေရဟူသည့်မူကြီး (၅) ချက်ဖြင့်ရွေးချယ်သွားမည်ဖြစ်သည်။

## သုံးသပ်ချက်

အတိုက်အခံပါတီများ ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်ခြင်းရှိလာစေရန် မဲဆွယ်စည်းရုံးခြင်းခြေလှမ်းအဖြစ်လည်းကောင်း၊ တစ်ဘက်တွင် နအဖအစိုးရသည် လူထုအပေါ်နားလည်မှုရှိပြီး၊ စိတ်ရင်းစေတနာပြည့်ဝရှိကြောင်း၊ အမြင်ကိုထုတ်ဖော်ပြသလို၍၊ အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဦးဝင်းတင်အားမန္တလေးသို့ခရီးထွက်ရန် လိုက်ရောခွင့်ပြုခဲ့ခြင်းသာဖြစ်မည်ဟုယူဆရပါသည်။ မည်သို့ပင်ရှိစေကာမူအတိုက်ခံနိုင်ငံရေးပါတီခေါင်းဆောင် ဦးဝင်းတင်အား မန္တလေးမြို့သို့ခရီးသွားနိုင်ခြင်းသည် အပြုသဘောဆောင်သောခြေလှမ်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ခရီးသွားခြင်းအပါအဝင်နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးသည်အထိလိုက်ရောပေးနိုင်ခြင်းရှိ–မရှိကိုစောင့်ကြည့်ရမည်ဖြစ်ပါသည်။ အဆိုပါတောင်းဆိုချက်များကို အာဏာပိုင်များကလိုက်ရောရန် အဖြေအတိအကျမသိသော်လည်း၊ အန်အယ်လ်ဒီပါတီက ၄င်းတို့၏ဗဟိုဦးစီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန်ဆောင်ရွက်ခြင်းကောင်းမွန်သော ခြေလှမ်းအဖြစ်မှတ်ယူနိုင်ပါသည်။ ယခင်က အဖွဲ့ဝင် (၈၀) သာရှိခဲ့ရာမှ ယခုအခါအဖွဲ့အဝင် ၁၂၀ ခန့်အထိတိုးချဲ့သွားဖွဲ့စည်းခြင်းသည် ပါတီလုပ်ငန်းများပိုမိုထိရောက်စွာဆောင်ရွက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အတိုက်ခံပါတီများက အဖွဲ့ဝင်များတိုးချဲ့ထားနေချိန်တွင် အစိုးရထောက်ခံမှုရရှိထားသည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ၄င်းတို့၏ကိုယ်စားလှယ်အဖြစ်လျာထားသူဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးသိန်းဇော်၏အစ်ကိုဖြစ်သူအား စည်းရုံးလုပ်ငန်းများတာဝန်ပေးအပ်ခြင်းသည်အာ

ဏာပိုင်များဘက်ကအမြော်အမြင်သုံးလိုက်ခြင်းဖြစ်သည်ဟုရှုမြင်နိုင်ပါသည်။ ယခင်ကမြစ်ကြီးနားမြို့နယ်ကောင်စီအတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ဝန်ကြီး၏ညီအစ်ကိုတော်စပ်သူဖြစ်ခြင်းစသည့် အားသာချက်များကို အခွင့်ကောင်းယူကာ ကြံ့ဖွံ့အဖွဲ့မြစ်ကြီးနားမဲဆန္ဒနယ်တွင်အနိုင်ရရှိရေးအတွက် ဦးခင်မောင်လတ် မူဆလင်လူမျိုးများကို စည်းရုံးရန်တာဝန်ပေးအပ်ခြင်းဖြစ်မည်ဟုယူဆနိုင်ပါသည်။ မူဆလင်လူမျိုးများစည်းရုံးသိမ်းသွင်းရန်တစ်ဘက်တွင်ကြိုးပမ်းနေသော်လည်း၊ အခြားတစ်ဘက်တွင်မေ့ထား၍မရ၊ တည်ရှိနေသည့်ပဓါနကျသောအချက်မှာ ကချင်ပြည်နယ်ရှိ ခရစ်ယာန်ဘာသာဝင်အများနှင့်တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များ၏အခန်းကဏ္ဍပင်ဖြစ်ပါသည်။ ထို့အကြောင်းအချင်းအရာများကိုကြိုတင်သိရှိနေသောစစ်အာဏာအပိုင်များက ယခုလိုဒေသခံတစ်ဦးဖြစ်သူအား ၄င်းတို့၏ကိုယ်စားလှယ်အနိုင်ရရှိရေးကိုမျှော်ကိုးပြီးမူဆလင်များကိုသေချာစွာစည်းရုံးရန်အကွက်ချဆောင်ရွက်ခြင်းသာဖြစ်မည်ဟုယူဆနိုင်ပါသည်။